# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 26, 2020 Volume 29, Number 17


### ၂၆.၃.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၉၈ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၆၂၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၃၉၅/- ကျပ် |
| CBM Rate | = ၁၃၉၇.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၁.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၆၈.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၆၉.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၃၂.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၃၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၂၂.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၇၀၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19 ကြောင့် ပုံမှန်ထက် ဆန်ဝယ်ယူမှုများပြားနေသဖြင့် တစ်ရက်လျှင် ဆန်အိတ်ရေ တစ်သိန်းအထိ ဝင်ရောက်လာစေရန်စီစဉ်ထားပြီး ဈေးနှုန်းမြှင့်တင် ရောင်းချပါက တိုင်ကြားနိုင်ဟုဆို

COVID-19 ကြောင့် ပုံမှန်ထက် ဆန်ဝယ်ယူမှုများပြားနေသဖြင့် တစ်ရက်လျှင် ဆန်အိတ်ရေတစ်သိန်းအထိ ဝင်ရောက်လာစေရန် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (MRPTA) စီစဉ်ထားပြီး ဈေးနှုန်း မြှင့်တင် ရောင်းချပါက တိုင်ကြားနိုင်ကြောင်း မတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပေါ်လျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ (COVID-19) သည် မြန်မာနိုင်ငံတွင်လည်း ကူးစက်ခံရသူများတွေ့ရှိလာနေသဖြင့် ပြည်သူများစိုးရိမ်ပူပန်မှုများရှိနေသည်ကို တွေ့ရှိရကြောင်းသိရသည်။ ထိုသို့စိုးရိမ်ပူပန်မှုများကြောင့် စားသုံးသူပြည်သူများအနေဖြင့် စာနပ်ရိက္ခာ ဆန်၊ ဆီ၊ ဆားအစရှိသည့် စားသောက်ကုန်မျိုးစုံ ဝယ်ယူစုဆောင်းမှုများပြုလုပ်နေကြသည့်အတွက် ကုန်စည်များပုံမှန်အခြေအနေထက် ပိုမိုဝယ်လိုအားမြင့်တက်နေသည်ကိုတွေ့ရှိနေရပြီး အချို့သောစီးပွားရေး အကျိုးအမြတ်ရှာသူများကလည်း ဈေးနှုန်းမြှင့်တင်ရောင်းချမှုများ တွေ့နေရသည်။ ဆန်ဆိုင်၊ လက်လီဆိုင်၊ လက်ကားရောင်းဝယ်သူအချို့မှာ ဈေးနှုန်းမြှင့်၍ ရောင်းချနေသည်ဟုလည်း စားသုံးသူအချို့၏ တိုင်ကြားမှုများလည်းရှိနေကြောင်းသိရသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းသည် မိမိတို့၏အသင်းသားများ၊ ဆန်စပါးကုန်စည်ဒိုင်များတွင် ရောင်းချနေသော ဆန်အကျိုးဆောင်များ၊ ဒေသအလိုက်ရောင်းဝယ်နေသော ကုန်သည်များကိုလည်း ဈေးနှုန်းမြှင့်တင်ရောင်းချမှုများ မပြုလုပ်ကြရန် အကြိမ်ကြိမ်အချိန်နှင့်တစ်ပြေးညီ အသိပေးထားကြောင်းသိရသည်။ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း/ ဘုရင့်နောင်) များသည် လူစုလူဝေးဖြင့် ရောင်းချနေသော နေရာများဖြစ်သော်လည်း ကျန်းမာရေးပညာပေးမှု၊ သန့်ရှင်းမှု၊ ကျန်းမာရေးနှင့် ညီညွတ်သောပတ်ဝန်းကျင်ဖြစ်စေပြီး ပုံမှန်အတိုင်း ရောင်းဝယ်မှုပြုလုပ်ရန် နေ့စဉ် (စနေ၊ တနင်္ဂနွေနှင့် အခြားရုံးပိတ်ရက်များမှအပ) ဖွင့်လှစ်ရောင်းပေးလျက်ရှိသည်။

ရန်ကုန်မြို့နှင့် အခြားဆန်ဝယ်ယူစားသုံးနေရသည့် ပြည်တွင်းစားဆန်များ၊ ဧရာဝတီတိုင်းဒေသအသီးသီး၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ပြင်ပမြို့နယ်များမှ တစ်ရက်လိုအပ်ချက် ဆန်အိတ်ရေ (ဆန်မျိုးစုံ) ၅၀၀၀၀ ပုံမှန်ဝင်ရောက်နေသည့်အပြင် ယခုဝယ်လိုအားမြင့်မားနေချိန်တွင် တစ်ရက်လျှင် ဆန်အိတ်ရေ ၇၀၀၀၀ မှ ၁၀၀၀၀၀ အထိ ဝင်ရောက်လာစေရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိသည်။

**Source:** https://news-eleven.com/article/166123

## တရုတ်နှင့်ထိုင်း နယ်စပ်ဂိတ်များပိတ်ထားမှုကြောင့် မြိတ်ရေထွက်ကုန် ကင်းမွန်စျေး သုံးပုံနှစ်ပုံအထိကျဆင်း



COVID-19 ရောဂါနှင့်ပတ်သက်၍ တရုတ်နှင့် ထိုင်းနယ်စပ်ဂိတ်များ ပိတ်လိုက်သည့်အတွက် မြိတ်ရေထွက်ကုန်တစ်မျိုးဖြစ်သော ကင်းမွန်စျေးကွက်မှာ သုံးပုံနှစ်ပုံအထိ ကျဆင်းလျှက်ရှိကြောင်းသိရသည်။ ယခင်က



တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံ Export စျေးကွက် ၂ ခုတွင် ကင်းမွန် အမျိုးအစား ဆိုက် (၁-၂-၃) မှာ ၁၂၀၀၀၀ ကျပ်ပေါက်စျေးရှိပြီး လက်ရှိမှာ ၄၀၀၀၀ ကျပ်ခန့်သာရှိသည်။

COVID-19 စတင်ဖြစ်ပွားချိန်တွင် တရုတ်နယ်စပ်ဂိတ်ကို ပိတ်လိုက်သည့်အတွက် ပြည်ပ Export တင်ပို့နေသော ထိုင်းနိုင်ငံစျေးကွက်တစ်ခုကိုသာ ဦးတည်ပို့နေရသည်။ "အခုက စျေးကွက် ၂ ခုစလုံးက အရောင်း၊ အဝယ် ရပ်တန့် နေတော့ ဝယ်လက်တွေပေးတဲ့ စျေးနှိပ်ခံပြီးရောင်းချနေရတယ်"ဟု မြိတ်ခရိုင်၊ကင်းမွန်လုပ်ငန်းရှင် တစ်ဦးဖြစ်သူ ဦးဌေးလှိုင်က ပြောကြားသည်။

လက်ရှိတွင် တရုတ်နိုင်ငံမှနယ်စပ်ဂိတ်တချို့ ပြန်လည်ဖွင့်လှစ်သော်လည်း စျေးမရခြင်းနှင့်ထိုင်းနိုင်ငံဘက်မှ လည်း နယ်စပ်ဂိတ်များ ပိတ်ခဲ့သည့်အတွက် Export စျေးကွက်များ မရှိတော့ခြင်းကြောင့် တွက်ခြေမကိုက် ဖြစ်နေကြောင်း လည်း ကင်းမွန်လုပ်ငန်းရှင်များက ပြောဆိုနေသည်။ "ဟုတ်တယ်။အခု ကင်းမွန်စျေးကွက်က ကျဆင်းသွားတယ်။ Export တင်ပို့နေတဲ့ နိုင်ငံ နှစ်နိုင်ငံက နယ်စပ်ဂိတ်တွေ ပိတ်လိုက်တော့ တော်တော်လေးကို အထိနာနေတယ်"ဟု Mya Royal Linn ကင်းမွန် အဝယ်ဒိုင်မှမန်နေဂျာ ကိုအောင်ငြိမ်းချမ်းက ပြောဆိုသည်။ ထိုင်းနိုင်ငံတွင် COVID-19 ပြန့်ပွားမှုကိုထိန်းချုပ်ရန် ကြိုးပမ်းမှုတစ်ခုအနေဖြင့် တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေကြေညာရန် ပြင်ဆင်ထားသည်ဟု ထိုင်းဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာက ယမန်နေ့ကကြေညာခဲ့သည်။

**Source:** http://www.mizzimaburmese.com/article/68352

## စောစောပြော၊ စောစောသိ၊ အားလုံးအကျိုးရှိ



ယနေ့ ကမ္ဘာ့နိုင်ငံပေါင်းအားလုံးကို ကူးစက်ပြန့်ပွားနေပြီဖြစ်တဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဟာ လူသားမျိုးနွယ်အတွက် အခက်အခဲဆုံး စိန်ခေါ်မှုအဖြစ် ရှိလာနေပါပြီ။ ပြန့်ပွားမှုနှုန်းဟာ တစ်ရက်ထက် တစ်ရက် ပိုမိုမြင့်မားလာနေသလို နိုင်ငံအလိုက် ထိန်းချုပ်နိုင်မှု အခြေအနေကိုကြည့်ရင်လည်း တည်ငြိမ်လာတဲ့နိုင်ငံတွေ နည်းနေသေးပါတယ်။ ဒီလိုအခြေအနေမှာ မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ တွေ့ရှိသူတွေလည်း စတင်ပေါ်လာခဲ့ပါပြီ။ မတ် ၂၅ ရက်အထိ ကျန်းမာရေးနဲ့ အားကစား ဝန်ကြီးဌာနက ထုတ်ပြန်ချက်အရဆိုရင် မြန်မာနိုင်ငံမှာ ရောဂါပိုးတွေ့ရှိသူ သုံးယောက်ရှိခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှာ ရောဂါပိုးတွေ့ရှိမှု နောက်ဆုံးဖြစ်တဲ့ နိုင်ငံနှစ်နိုင်ငံထဲမှာ မြန်မာပါဝင်ပြီး လာအိုကတော့ နောက်ဆုံးတွေ့ရှိခဲ့တဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းဖြစ်ပွားနေတဲ့ ကူးစက်မြန်ဗိုင်းရပ်စ်ဆိုတော့လည်း ဒါကိုတွေးပြီး အကြောက်တရား ဖြစ်ပေါ်စေတာဟာ



မဆန်းကျယ်တော့ဘူးလို့ ပြောရမှာပါ။ ဒါပေမဲ့ အကြောက်တရားနဲ့အတူ တွဲပါလာတတ်တဲ့ အစိုးရိမ်လွန်ကဲမှု၊ ဆင်ခြင်တုံတရား သတိလက်လွတ်ဖြစ်မှု စတာတွေက လူတွေကို ပိုမိုမှားယွင်းတဲ့ လမ်းကြောင်းတွေပေါ်ကို တွန်းပို့ စေတတ်တာကိုတော့ ကျွန်တော်တို့ ဉာဏ်သတိ၊ ဉာဏ်အသိကပ်ပြီး ကြည့်ကြရမှာပါ။

မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ စတွေ့တဲ့အချိန် ရန်ကုန်မြို့ အချို့နေရာတွေမှာ အထိတ်တလန့် စျေးဝယ်ခြင်း Panic Buying လို ဖြစ်သွားတာမျိုးဟာ အကြောက်တရားနဲ့အတူ တွဲပါလာတဲ့ အစိုးရိမ်လွန်ကဲမှု၊ ဆင်ခြင်တုံ တရားသတိလက်လွတ်ဖြစ်မှု စတာတွေကြောင့်လို့ ပြောချင်ပါတယ်။ အကြောက်တရားဟာ မရှိရဘူးလို့ မဆိုလိုချင်ပါဘူး။ ရှိသင့် ရှိထိုက်တဲ့ အကြောက် တရားနဲ့ ဝယ်သင့်ဝယ်ထိုက်သလောက်ပဲ ဝယ်ကြစေချင်ပါတယ်လို့ ပြောချင်တာပါ။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားတဲ့ မတ် ၂၄ ရက်ညက မိန့်ခွန်းမှာလည်း ဝယ်ယူဖို့ရိက္ခာတွေဟာ ပြတ်သွားဖို့မရှိတဲ့ အကြောင်းနဲ့ လူအုပ်ထဲ သွားဝယ်မှသာ ရောဂါကူးစက်မယ့် အလားအလာ ပိုရှိတယ်လို့ ဆိုသွားခဲ့ပါတယ်။ ကောလာဟလတွေနဲ့ ပတ်သက်လို့ စျေးတွေ၊ အရောင်းစင်တာတွေ ပိတ်မယ်ဆိုတာ အစီအစဉ်မရှိတဲ့အကြောင်း အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောဆိုသွားပါတယ်။ ဒ့ါပြင် ဒီလိုကာလမှာ ငွေထုတ်ယူမှုတွေ များတာကြောင့် ဘဏ်တွေနဲ့ ပတ်သက်လို့လည်း ဘယ်လို အခြေအနေမှာပဲဖြစ်ဖြစ် ဖွင့်လှစ်လည်ပတ်သွားမယ်လို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က မတ် ၂၅ မှာ ထုတ်ပြန်ခဲ့ပါသေးတယ်။ ဗဟိုဘဏ်ဟာ အတိုးနှုန်းတွေကိုလည်း နှစ်ကြိမ်တိုင်တိုင် လျှော့ပေးခဲ့ပါသေးတယ်။ စုစုပေါင်း ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ အတိုးနှုန်းကို ချပေးလိုက်တာပါ။ ဒါတွေက ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး စီးပွားရေးဆိုင်ရာ ပြဿနာတွေကို ခုသာခံသာရှိအောင် လုပ်နေတဲ့အပိုင်းပါ။

တစ်ဖက်မှာတော့ ထိပ်ဆုံးက အရေးကြီးဆုံးအရာဖြစ်တဲ့ လူ့အသက်၊ လူ့ကျန်းမာရေးအတွက် ဒီရောဂါ မကူးစက်ခံရအောင် ဘယ်လို ပြင်ဆင်နေထိုင်သွားကြရမလဲဆိုတဲ့ အကြံပြုချက်တွေကို အစိုးရသက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ညွှန်ကြား ဆောင်ရွက်နေကြသလို အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်တောင် လက်ဆေးပြနေတဲ့ အချိန်ပါ။ ခေတ်ရှေ့လွန်ပြောင်းလဲလာမှု ဖြစ်စဉ်တွေအရ ဉာဏ်ရည်တု နည်းပညာ AI ၊ စတုတ္ထစက်မှုတော်လှန်ရေး Industrial 4.0 လိုမျိုးနဲ့ ဖြတ်သန်းစပြုလာတဲ့ ကမ္ဘာကြီးဟာ လူသားမျိုးနွယ်ကို ခြိမ်းခြောက်နေတဲ့ ကိုဗစ်-၁၉ လို ဗိုင်းရပ်စ်ကိုတော့ လတ်တလောမှာ မတွန်းလှန်နိုင် သေးပါဘူး။ ဉာဏ်ကြီးရှင်တွေလည်း မကယ်နိုင်သေးဘဲ ဆိုင်ရာနိုင်ငံအလိုက် ကိုင်တွယ်နေရတဲ့ ဒီဖြစ်စဉ်ဟာ လူသားမျိုးနွယ် အတွက် အကြီးမားဆုံးစိန်ခေါ်မှုအဖြစ် စနေခဲ့ပါပြီ။ ဒီအခြေအနေမှာ မြန်မာနိုင်ငံအတွက် ကံကောင်းတာက ဗိုင်းရပ်စ် နောက်အကျဆုံး ကူးစက်ခံရတာပါပဲ။ ဒီအတွက်ရှေ့မှာဖြစ်နေတဲ့ နိုင်ငံအသီးသီးရဲ့ လုပ်ပုံကိုင်ပုံထိန်းချုပ်ပုံတွေကို လေ့လာ ဆင်ခြင်နိုင်သလို လူထုဟာ ဗိုင်းရပ်စ်ဆိုင်ရာ အသိရေချိန် အတိုင်းအတာတစ်ခုထိ ရှိလာခဲ့တာပါပဲ။ အခုအချိန်မှာတော့ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ရဲ့ အကြံပြုချက်တွေအတိုင်း ညီညီညွတ်ညွတ် အသိသတိရှိရှိနဲ့ နေထိုင်တွန်းလှန်ကြမယ်ဆိုရင် ဒီစိန်ခေါ်မှု ကြီးကို အကောင်းဆုံး အခြေအနေနဲ့ဖြတ်သန်းသွားနိုင်ကြမှာပါ။

နောက်ဆုံးအနေနဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောသွားတာလေးကို ပြန်ပြောချင်ပါတယ်။ ဒါကတော့ စောစောပြော၊ စောစောသိ၊ အားလုံးအကျိုးရှိဆိုတဲ့စကားလေးပါ။ ဗိုင်းရပ်စ်နဲ့ ပတ်သက်လို့ သံသယ တစ်စုံတစ်ရာ ကိုယ့်မှာပဲ ဖြစ်ဖြစ်၊ မိသားစုမှာပဲ ဖြစ်ဖြစ်၊ လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ်သိတာနဲ့ သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနကိုဆက်သွယ်ပြီး စောစောစီးစီးကာကွယ် ကုသမှုခံယူရင်း ကိုယ့်ပတ်ဝန်းကျင်း ကိုယ့်နိုင်ငံကို ကာကွယ်ပါလို့ဆိုချင်ပါတယ်။

**Source:** https://myanmar.mmtimes.com/news/137412.html

## ပို့ကုန်ရငွေများကို နိုင်ငံအတွင်းပြန်ထည့်ရန် ပျက်ကွက်သည့် ကုမ္ပဏီ ၃၈၄ ခုရှိနေ

ပို့ကုန်ရငွေအားလုံး နိုင်ငံအတွင်း ပြန်လည်ထည့် သွင်းရန်ပျက်ကွက်သော ကုမ္ပဏီ ၃၈၄ ခုရှိပြီး သတ်မှတ်ကာလအတွင်း ဝင်ရောက်ခြင်းမရှိပါက ပို့ကုန်၊ သွင်းကုန် လိုင်စင်ပိတ်သိမ်းခြင်း၊ မှတ်ပုံတင်ပိတ်သိမ်းခြင်းများ လုပ်ဆောင်သွားမည်ဟု

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ ပြည်ပသို့ ပို့ကုန်တင်ပို့၍ ပို့ကုန်ဝင်ငွေ ပြန်လည်ထည့်သွင်းရန်ကျန်ရှိနေသည့် ကုမ္ပဏီစာရင်းကို ဗဟိုဘဏ်မှပေးပို့သောစာရင်းအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တတိယအကြိမ်အဖြစ် ယခုရက်ပိုင်းမှာပင် ထုတ်ပြန်ကြေညာခဲ့သည်။ "နှစ်လပြည့်ရင် ထပ်မံကြေညာပေးမယ်။ အဲဒီအချိန်မှာ ပို့ကုန်ရငွေ ပြန်သွင်းခြင်းမရှိတဲ့ ကုမ္ပဏီတွေကို ပို့ကုန်သွင်းကုန်လိုင်စင် ပိတ်သိမ်းတာ၊ မှတ်ပုံတင်ပိတ်သိမ်းတာတွေ လုပ်ဆောင်သွားမယ်"ဟု ၎င်းက ပြောသည်။

၂၀၁၂ ခုနှစ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ မည်သူမဆို ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ မိမိဘဏ်စာရင်းအသီးသီးသို့ နိုင်ငံခြားသုံးငွေဖြင့်ထည့်သွင်းရန်ပျက်ကွက်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေပြဋ္ဌာန်းချက်အရ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေအားလုံးကို ပြန်လည်ထည့်သွင်းရန် ပျက်ကွက်သော ပို့ကုန်တင်ပို့သည့် ကုမ္ပဏီသည် ၄၅၃ ခုရှိသည့်အနက် ၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်တွင် ဗဟိုဘဏ်မှပေးပို့သော စာရင်းအရ ပို့ကုန်ရငွေအပြည့်အဝ ပြန်လည်ဝင်ရောက်လာသော ကုမ္ပဏီ ၆၉ ခုရှိလာသဖြင့် ပို့ကုန်ရငွေ ပြန်လည်ထည့်သွင်းရန် ကုမ္ပဏီ ၃၈၄ ခု ကျန်ရှိနေခြင်းဖြစ်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ "တချို့က ပို့ကုန်ဝင်ငွေပြန်ဝင်ကြတယ်။ သို့သော်လည်း တချို့က သက်ဆိုင်ရာဘဏ်တွေနဲ့ ဗဟိုဘဏ်နဲ့ စာရင်းရှင်းဖို့ကိစ္စတွေရှိတယ်။ ဗဟိုဘဏ်ရဲ့စနစ်ထဲကို စာရင်းပြန်ရှင်းဖို့ကိစ္စက ကြန့်ကြာနေတဲ့အနေအထားတွေတွေ့ရတယ်။ အဓိကကတော့ ဗဟိုဘဏ်နဲ့ သက်ဆိုင်ရာကုမ္ပဏီ၊ ပုဂ္ဂလိကဘဏ်တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတယ်"ဟု ဦးခင်မောင်လွင်ကပြောသည်။

အဆိုပါ ကုမ္ပဏီများအနေဖြင့် ရက်ပေါင်း ၆၀ အတွင်း ပို့ကုန်ရငွေအားလုံးကို မိမိတို့ဘဏ်စာရင်းအသီးသီးသို့ နိုင်ငံခြားငွေဖြင့် ထည့်သွင်းရမည်ဖြစ်ပြီး ယင်းကာလအတွင်း ထည့်သွင်းရန်ပျက်ကွက်သော ကုမ္ပဏီများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပေးသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်းအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။ ထို့ကြောင့် နိုင်ငံခြားပို့ကုန်ရငွေ နိုင်ငံအတွင်း ပြန်ထည့်ရန် ကျန်ရှိနေသောကုမ္ပဏီများအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေအားလုံးကို မိမိတို့ဘဏ်စာရင်း အသီးသီးတွင် နိုင်ငံခြားငွေဖြင့်ထည့်သွင်းရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထပ်မံအသိပေးထားသည်။

**Source:** https://myanmar.mmtimes.com/news/137401.html

## မူဆယ် ၁၀၅ မိုင် သစ်သီးဝလံဈေးကွက်တွင် တစ်ရက်အတွင်း ဖရဲ၊ သခွားမွှေး ကားအစီးရေ တစ်ထောင်ကျော်အထိ အရောင်းအဝယ်ဖြစ်



မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်အတွင်းရှိ သစ်သီးဝလံဈေးကွက်အတွင်းသို့ မတ် ၂၅ ရက်တွင် ရောက်ရှိ လာသည့် ဖရဲ၊ သခွားတင်ယာဉ်များအနက် ၁၀၆၃ စီးအထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မူဆယ်သစ်သီးဝလံ ကုန်စည် ဈေးကွက်အတွင်းမှ သိရသည်။ COVID-19 ရောဂါပိုးဂယက်ကြောင့် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း မူဆယ် ၁၀၅ မိုင် သစ်သီးဝလံဈေးကွက်တွင် အရောင်း အဝယ်အေးစက်ခဲ့သော်လည်း မတ်လဆန်းမှ စတင်ကာ သစ်သီးအရောင်းအဝယ် ဈေးကွက်ပုံမှန်အတိုင်း ပြန်ဖြစ်လာ ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ပုံမှန်အားဖြင့်တော့ ဒီအချိန်က ဖရဲသီးက ရှမ်းပြည်သီးလည်းထွက်တဲ့အချိန် ဈေးလည်းကောင်းတဲ့အချိန်ပေါ့။ အခုလက်ရှိ အနေအထားမှာ အသီးကားတွေကတော့ ပြုံကျနေတာပေ့ါ။ ဒီနေ့ဆိုရင်လည်း အစီးရေက တခြားနေ့တွေထက်ပိုများတယ်။ မူဆယ်အရောင်းကွင်းမှာရောင်းပြီး ဝမ်တိန်ဘက်ကို သွားတဲ့အချိန်မှာတော့ တစ်ရက်တည်းနဲ့ ရောင်းပြီးသမျှကားတွေက အကုန်

မရောက်နိုင်ဘူး။ အစီးရေကများတော့ တစ်ရက်တစ်ရက် အစီးရေ သုံးလေးရာလောက်ထိ ၁၀၅ မိုင်နဲ့ ဝမ်တိန်ကြားမှာ တန်းစီပြီး ကျန်နေတာတွေရှိတယ်။ အခုက မြန်မာပြည်အလယ်ပိုင်းဒေသဘက်က ထွက်တဲ့အသီးတွေကလည်း မကုန်သေးဘူး၊ ရှမ်းပြည်သီးတွေကလည်း အခုစပေါ်နေပြီဆိုတော့ အခြေအနေအရ ကားတွေကများနေတယ်" ဟု ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ ဒေါ်ရီရီခိုင်ကပြောကြားသည်။ " အခုရောဂါကိစ္စအပြင် လမ်းပိုင်းအခက်အခဲများကြုံတွေ့နေရတာက အလွန်ခက်ထန်တဲ့ စိန်ခေါ်မှုပါ။ ဒ့ါအပြင် ကောလာဟလ အကြောက်တရားများကြောင့် သယ်ယူပို့ဆောင်ခ ကားခများကြောင့် သယ်ယူပို့ဆောင်ခ ကားခများ အဆမတန်ဈေးတင်နေခြင်းက မဖြစ်သင့်ပါ။ တောင်သူများ မျက်ဖြူဆိုက်နေတာထက် ဆက်ပြီးမမှန် သတင်း မလွှင့်သင့်ပါဘူး။ မြန်မာနှစ်သစ်ကူးမှာ သိန်းနဲ့ချီပြီးပြန်လာမယ့် ပြန်လာနေတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများကိစ္စကို လွန်ခဲ့သော နှစ်လတိတိက တရုတ်နှစ်သစ်ကူးကာလ လူတွေအစုလိုက် အပုံလိုက် ရွှေ့ပြောင်းသွားလာမှုနဲ့ယှဉ်ထိုးပြီး ကြိုတင်စီစဉ်သင့်ပါတယ်။ မြန်မာပြည်သားများ ကျန်းမာရေးကို အထူးဦးစားပေးပါ။ တည်ငြိမ်စွာရင်ဆိုင်ပါ။ မြန်မာ-တရုတ်ကုန်သွယ်မှုကတော့ ရှဉ့်လည်းလျှောက်သာ ပျားလည်းဆွဲသာ အနေအထားနဲ့ ပုံဖော်နေဦးမှာလို့မြင်ပါတယ်။ စိန်ခေါ်မှုအခက်အခဲများကြားက နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုကတော့ အသွင်ပြောင်းရင်သာပြောင်းမယ်။ ရပ်တံ့ဖို့အကြောင်း မမြင်ပါခင်ဗျာ" ဟု မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် သစ်သီးဝလံဈေးကွက်အတွင်းရှိ ခွာညိုသစ်သီးပွဲရုံ၏ လူမှုကွန်ရက်စာမျက်နှာတွင် မတ် ၂၅ ရက်တွင် ရေးသားထားသည်။

ယခုရက်ပိုင်းတွင် မြန်မာပြည် အလယ်ပိုင်းဒေသများဖြစ်သည့် မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသများ ဘက်တွင် စိုက်ပျိုးကြသည့် ဖရဲ၊ သခွားမွှေး အများအပြားအပြင် ရှမ်းပြည်နယ်ဒေသတွင်း ထွက်ရှိသည့် ဖရဲသီးများလည်း တရုတ်သို့တင်ပို့မှုကြောင့် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ယာဉ်စီးရေဝင်ရောက်မှုမှာ များပြားနေကြောင်း သိရသည်။ " ဖရဲ၊ သခွားဈေးကတော့ ဈေးအရမ်းကျနေတယ်။ ဈေးကျရတဲ့အကြောင်းရင်းက အသီးကားအဝင်လည်း များတယ်။ နောက်တစ်ချက်က ဝယ်ထားတဲ့အသီးကားတွေက ဝမ်တိန်ထဲကို တစ်ရက်တည်းအပြီး မဝင်နိုင်တာလည်းပါတယ်။ တချို့ကားတွေ တရုတ်နယ်စပ် ဝမ်တိန်နဲ့ မူဆယ် ၁၀၅ မိုင်ကြားကို တစ်ရက်လောက် အိပ်နေရတယ်။ တစ်ရက်ကို ဝမ်တိန်အဝင်ဝမှာတင် တစ်ရက်ကို အစီးရေ သုံးရာဝန်းကျင်လောက် ကျန်နေတာပေ့ါ။ စီးပြတ်ဈေးကတော့ ၁၅ တန်၊ ၁၆ တန်ယာဉ်ဆိုရင် အနိမ့်ဈေး ယွမ်ခုနစ်ထောင်ကနေ အမြင့်ဈေး သုံးသောင်းခွဲဝန်းကျင်လောက်ထိရှိတယ်။ ညံ့တဲ့အသီးတွေကတော့ ရောင်းမထွက်သလောက် ရှိနေတယ်" ဟု ရွှေတြိဂံသစ်သီးပွဲရုံမှ ကိုစိုင်းမိုးလွင်က ပြောကြားသည်။

မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် သစ်သီးဝလံအရောင်းကွင်းရှိ အရောင်းစင်သို့ သစ်သီးများ လာရောက်ရောင်းချကြသည့် သစ်သီးပွဲရုံများအနေဖြင့် မိမိတို့၏ ကုန်သည်များ၊ တောင်သူများအား အရောင်းစင်ပေါ်သို့ ခေါ်ဆောင်လာခြင်း မပြုရန်နှင့် ဝယ်လက်များ၊ ပွဲရုံပွဲစားများ၊ ဖရဲ၊ သခွားတင် ကားသမားများ၊ တာဝန်ရှိဝန်ထမ်းများ၊ အေးဂျင့်များမှအပ မည်သူမျှဂိတ်တံခါးမှ ကျော်လွန်၍ သစ်သီးအရောင်းကွင်းပေါ်သို့ တက်ရောက်ခွင့်ပြုမည် မဟုတ်ကြောင်းကို မူဆယ် (၁၀၅) မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ မတ် ၁၈ ရက်က အသိပေးကြေညာချက် ထုတ်ပြန်ထားပြီး သစ်သီးဈေးကွက်အတွင်း ဝင်ရောက်ရောင်းဝယ်ကြသူများအတွက် လက်သန့်ဆေးရည်များ ထားရှိပေးထားပြီးကြောင်းသိရသည်။

**Source:** https://news-eleven.com/article/1 66120

## ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေစဉ်အတွင်း ပြည်ပသို့ ဆန်တင်ပို့မှု ထိန်းညှိနိုင်ရေးဆွေးနွေးနေ




ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း ပြည်ပသို့ ဆန်တင်ပို့မှုကို ဈေးကွက် အခြေအနေအပေါ်မူတည်၍ နိုင်ငံတော်က ထိန်းညှိ ဆောင်ရွက်သွားရေးအပါအဝင် ဆန်ဈေးကွက်တည်ငြိမ်ရေး ဆွေးနွေးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက် ဖြစ်ပွားလျက်ရှိပြီး ၎င်းအခြေအနေကြောင့်ပြည်တွင်း၌ ဆန်စပါးဈေးကွက် တည်ငြိမ်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆန်စပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ၊ ဆန်စပါး

လက်ကျန်အခြေအနေနှင့် ပြည်ပသို့တင်ပို့မှုကိစ္စရပ်များကို မတ် ၁၄ ရက်က ရန်ကုန်ရှိ မြန်မာကုန်သွယ်မှု စင်တာတွင် ဆွေးနွေးသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဆန်စပါးကုန်သည်များ အသင်းနှင့်မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက်တို့တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။ ထိုသို့ ဆွေးနွေးမှုများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသတစ်ခုတွင် ဆန်လိုအပ်ချက်ရှိလာပါက အရေးပေါ်ပို့ဆောင်နိုင်ရေးအစီအမံများ ရေးဆွဲဆောင်ရွက်နိုင်ရေး၊ ဆန်ဈေးကွက်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကုန်စည်စီးဆင်းမှုလျင်မြန်သွက်လက်စေရေး၊ ဆန် ပြည်ပတင်ပို့မှုကို ဈေးကွက်အခြေအနေအပေါ်မူတည်၍ နိုင်ငံတော်က ထိန်းညှိဆောင်ရွက်သွားရေး၊ ဆန်စပါးအဖွဲ့အစည်းများကလိုအပ်ပါက ရပ်ကွက်များ၊ စက်မှုဇုန်များ၊ စက်ရုံများသို့လက်ကားဈေးဖြင့် တိုက်ရိုက်ရောင်းချပေးနိုင်ရေး၊ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းအဆမတန်မြင့်တင် ရောင်းချမှုရှိပါက နိုင်ငံတော်က ထိရောက်စွာ အရေးယူဆောင်ရွက်သွားရေးတို့ဖြစ်ကြောင်းသိရသည်။ “ပြည်တွင်းဆန်လက်ကျန်အခြေအနေ၊ နွေစပါး စိုက်ပျိုးထွက်ရှိမှု အခြေအနေနဲ့ ဈေးကွက်ဝယ်လိုအားကို အလျဉ်မီအောင်ဖြည့်တင်းပေးနိုင်ဖို့နဲ့ ဈေးကစားမှုမရှိရေး ဆောင်ရွက်ရမှာဖြစ်တယ်”ဟု အဆိုပါ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တာဝန်ရှိသူတစ်ဦးက ”လက်လီဈေးကွက် တွေမှာ ဈေးနှုန်းအဆမတန်မြင့်တက်ခြင်းမရှိအောင် သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်သွားဖို့နဲ့ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေချိန်မှာပြည်ပကို ဆန်တင်ပို့မှုနဲ့ အရန်ဆန်ထားရှိတာကိုလည်း နိုင်ငံတော်အစိုးရကို တင်ပြနိုင်ဖို့ ဆွေးနွေးနေတယ်”ဟု ပြောသည်။

ထို့ပြင် နွေစပါးပေါ်ချိန်၌ ဝယ်လိုအားမကျဆင်းရေးနှင့် တောင်သူလယ်သမားများအတွက် အခြေခံဈေးနှုန်း အပေါ်တွင် ဈေးကွက်ပေါက်ဈေးဖြစ်ပေါ်စေရန်ကြိုတင်စီမံဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ရန်ကုန်တွင် ဘုရင့်နောင်နှင့် ဝါးတန်းဆန်ကုန်စည်ဒိုင်နှစ်ခုသို့ ဧရာဝတီ၊ မကွေး၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီး စသည်တို့ဘက်က တစ်နေ့လျှင် ဆန်အိတ်ရေသောင်းချီဝင် နေသလို ဈေးကွက် တည်ငြိမ်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေချိန်အတွင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်သို့ အသင်းသူ၊ အသင်းသားကလွဲ၍ ပြည်ပဧည့်သည်များကို လုံးဝဝင်ခွင့်ပြုမည် မဟုတ်ကြောင်း အဆိုပါကုန်စည်ဒိုင်က မတ် ၁၈ ရက်စွဲဖြင့် ထုတ်ပြန်ထားကြောင်း ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးက ပြောသည်။ “ကုန်စည်ဒိုင်က ပိတ်တာ မဟုတ်ပါဘူး။ အချိန်ကန့်သတ်လိုက်ပြီး အပူချိန် တိုင်းတာမှ ဝင်လို့ရမှာပါ”ဟု ပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင် အဆောက်အအုံကို အဓိကဝင်ပေါက်တစ်ပေါက်သာနံနက် ၆ နာရီခွဲမှ ညနေ ၃နာရီအထိ ဖွင့်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဝင်ပေါက်ကသာ အသင်းသူ၊ အသင်းသားများကို ဝင်ရောက်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ဝင်ရောက်လာသူတိုင်းကို အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာပြီးမှ ဝင်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်းသိရသည်။ ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားချိန်တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က အဆိုပါ ရောဂါ၏ နေ့စဉ်ပြောင်းလဲဖြစ်ပေါ်မှုနှင့် ပြည်တွင်း၊ပြည်ပ ဈေးကွက်များအပေါ် သက်ရောက်မှုကို နေ့စဉ်လေ့လာသုံးသပ်ကာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ ဆက်စပ်ဆောင်ရွက်နေသူများနှင့် ညှိနှိုင်း၍ ဈေးကွက်တည်ငြိမ်ရေး ဆောင်ရွက်နေသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/9023826



## အိန္ဒိယဈေးကွက်ရှိနေသော်လည်း မတ်ပဲဈေးမတည်ငြိမ်မှုကြောင့် တောင်သူများ လုံးပါးပါး

ကမ္ဘာ့ကပ်ရောဂါဆိုး (Pandemic Disease) တစ်ခုဖြစ်လာတဲ့ COVID-19 (ကိုရိုနာဗိုင်းရပ်စ်) ကြောင့် ငွေလဲလှယ်တဲ့ပေါက်ဈေးတွေ မတည်ငြိမ်ပဲ မြန်မာ့ကုန်သွယ်စီးဆင်းမှုကို တစ်နေ့တခြား ထိခိုက်နေပါတယ်။ တရုတ်-မြန်မာနယ်စပ်မှာ ကုန်သွယ်ရေးကျဆင်းနေသလို၊ ထိုင်း-မြန်မာနယ်စပ်ဘက်မှာလည်း ထိုင်းဘတ်ငွေလဲလှယ်နှုန်းတွေ ကျဆင်းနေပါတယ်။ ထိုင်းနိုင်ငံကို

တင်ပို့တဲ့ မြန်မာ့ပြောင်းတွေ ဈေးကောင်းမရပဲ၊ မြန်မာ့ထွက်ကုန်တစ်ခုဖြစ်တဲ့ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ တင်ပို့မှုဟာလည်း Export လုံးဝ ရပ်ဆိုင်းသွားပါတယ်။ သီဟိုဠ်စေ့ ဈေးကွက်နဲ့ ရဲယိုသီးခြောက် ဈေးကွက်တွေ ကတော့ အခြေအနေမလှ ဖြစ်နေပါတယ်။ မတ်ပဲကို အောက်တိုဘာလမှာ စတင်စိုက်ပျိုးကြပြီး၊ ဇန်နဝါရီလမှ မတ်လ အတွင်းမှာ ရိတ်သိမ်းချွေလှေ့ကာ၊ ပြည်တွင်းရှိကုန်သည်များ သွင်းကုန်ထုတ်ကုန်ကုမ္ပဏီတွေက တဆင့် တင်ပို့ ရောင်းချကြပါတယ်။

မြန်မာနိုင်ငံရဲ့ လတ်တလောကုန်သွယ်စီးဆင်းမှု အရှုံးတွေထဲက အမြတ်တစ်ခုကတော့ အိန္ဒိယအစိုးရဟာ ပြည်တွင်း စားသုံးမှု ဖူလုံရေးအတွက် လာမယ့် ၂၀၂၀-၂၁ ဘဏ္ဍာနှစ်မှာ မတ်ပဲတန်ချိန် (၄)သိန်းအထိ တိုးမြှင့်ဝယ်ယူတင်သွင်းဖို့ ခွင့်ပြုလိုက်တာနဲ့၊ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရာမှာ အထောက်အကူဖြစ်စေဖို့ သားငါး စားသုံးမှု ရှောင်ကျဉ်လာတာကြောင့် “ပဲ”ဝယ်လိုအား များလာတာပဲ ဖြစ်ပါတယ်။ ရေရှည်မှာ မတ်ပဲက ဈေးကောင်းလာနိုင်ခြေရှိတော့၊ ဝယ်လှောင်တဲ့လူတွေ ပိုများလာမယ်။ အိန္ဒိယက နောက်ထပ် တန်ချိန်(၄)သိန်း သွင်းခွင့်ပြုလိုက်တာဆိုတော့ နောက်ပိုင်းမှာ ဈေးကွက်ကောင်းလာဖို့ ရှိတယ်။ ဒီနှစ်မှာ မြန်မာနိုင်ငံကနေ မတ်ပဲ တန်ချိန် (၃) သိန်းလောက်တော့ ပို့နိုင်လောက်မယ်လို့ မျှော်လင့်ရပါတယ်။ လို့ ရေဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ စက္ကော့ကျေးရွာမှ မတ်ပဲစိုက်တောင်သူ ကိုဝေလင်းက သူ့ရဲ့အမြင်ကို ပြောပြပါတယ်။

ပြည်တွင်းမှာရှိတဲ့ ပဲခွဲစက်နဲ့ ပဲသန့်စင်မှုလုပ်ငန်း လုပ်ကိုင်သူများအနေနဲ့ အိန္ဒိယနိုင်ငံသို့ မတ်ပဲ တန်ချိန် (၄)သိန်းအထိ တင်ပို့ခွင့်ရရှိပြီး၊ တင်သွင်းလိုတဲ့ကုမ္ပဏီတွေက ၂၀၂၀နှစ် မတ်လ(၃၁)ရက်အတွင်း ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန- DGFT ရဲ့ အင်တာနက်စာမျက်နှာမှတစ်ဆင့် ကိုတာလျှောက်လွှာများ တင်သွင်းနိုင်ကြောင်း သိရပါတယ်။ မတ်ပဲတင်သွင်းခွင့် ရရှိတဲ့ ကုမ္ပဏီတွေက အိန္ဒိယနိုင်ငံဆိပ်ကမ်းဆီကို ၂၀၂၁ခုနှစ်၊ မတ်လ(၃၁)ရက် အရောက် တင်သွင်းပေးရမှာ ဖြစ်ပါတယ်။
ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) မှ ကုန်သွယ်ရေးအသိပေးချက် အမှတ် ၅၄/၂၀၁၉-၂၀၂၀ ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၂၀ခုနှစ် ဧပြီလ(၃၀)နေ့အထိ အချိန်တိုးမြှင့် တင်သွင်းခွင့်ပြုထားတဲ့ မတ်ပဲတန်ချိန် (၂)သိန်းခွဲ ကိုလည်း သီးခြား ဆက်လက်တင်သွင်းခွင့် ပြုထားပါသေးတယ်။

မတ်ပဲကို ပဲခူးတိုင်း၊ ရေဝတီတိုင်း၊ ရန်ကုန်တိုင်းတို့မှာ အဓိကစိုက်ပျိုးပြီး၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း စတဲ့ ဒေသအသီးသီးမှာလည်း စိုက်ပျိုးနေကြပါတယ်။ အခုလိုမျိုး အိန္ဒိယနိုင်ငံဘက်က ဈေးကွက်လမ်းကြောင်း ပွင့်လာပေမယ့်လည်း တောင်သူတွေအနေနဲ့ မတ်ပဲတွေကို ဈေးကောင်းမရမချင်း မရောင်းချပဲ တောင့်ခံထားနိုင်ဖို့က မသေချာတာကို တွေ့ရပါတယ်။ ကမ္ဘာ့ကပ်ရောဂါဆိုးတစ်ခုဖြစ်တဲ့ COVID-19(ကိုရိုနာဗိုင်းရပ်စ်)ကြောင့်လား? ကုန်သည်၊ ပွဲစားအဆင့်ဆင့်ရဲ့ ဈေးကွက်ချုပ်ကိုင်မှုကြောင့်လား? ဈေးကွက်ဝယ်လိုအားရှိလျက်နဲ့ မတ်ပဲဈေးတွေ ဘာလို့များကျဆင်းနေသေးတာလဲ? အဖြေရှာရင်းပဲ စိုက်ပျိုးစရိတ်ချေးငွေ အခက်အခဲတွေကြောင့် မတ်ပဲတွေကို ရတဲ့ဈေးနဲ့ ထိုးရောင်းရနိုင်တယ်လို့ တောင်သူတချို့က ဆိုပါတယ်။ ဝယ်လိုအားများနေပေမယ့် ဈေးကမကောင်းဘူးလေ။ ပြုတ်ကျနေတယ်။ ဘာကြောင့် ဈေးကျသလဲ သိဖို့လည်း တောင်သူတွေကတော့ လိုက်မမှီဘူးလေ။ ကုန်သည်ကြီးတွေကပဲ ဈေးကစားသလား၊ အခုဖြစ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့်ပဲ ဈေးကျသလားမသိပါဘူး။ စိုက်ပျိုးရေးချေးငွေ ပြန်ဆပ်ဖို့အချိန်က နီးလာတော့ ရတဲ့ဈေးနဲ့ ထိုးရောင်းရတော့မယ့်ပုံပါ။ မတ်လကုန်ပြီး ဘဏ်ချေးငွေက ဆပ်ရတော့မှာလေ။ မတ်ပဲဈေးကောင်းလာဖို့ကို မျှော်လင့်နေ ပါတယ်။ ဈေးကောင်းလာတဲ့အထိ ဆက်ပြီးတောင့်ခံနိုင်ပါ့မလားတော့ မသိဘူး။ ကုန်သည်တချို့ကလည်း ပိုက်ဆံပိုက်ပြီး ဈေးအပြုတ်ကို ထိုင်စောင့်နေကြတာလို့ ရေဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ ဂဏိန်းကျေးရွာမှ မတ်ပဲစိုက်တောင်သူ ဦးထွန်းထွန်းဝေက ပြောပြပါတယ်။ ကုန်သွယ်စီးဆင်းမှု ကျဆင်းခြင်းကို ကာမိစေရေးအတွက် ပို့ကုန်တွေအပေါ် ကြိုတင် ကောက်ခံတဲ့ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ကင်းလွတ်ခွင့်ပြုရေး၊ အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေ ချပေးရေးတွေ အပြင်၊ အခွန်နှုန်းထား ကင်းလွတ်ခွင့်တွေပေးဖို့ကို နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က သူမရဲ့မိန့်ခွန်းတွေထဲမှာ ထည့်သွင်းပြောကြားခဲ့တာကို တွေ့ရှိရပါတယ်။ လက်ရှိမှာတော့ အလေးချိန်(၃)တင်းပါဝင်တဲ့ မတ်ပဲတစ်အိတ်ကို ကျပ် (၈၀၀၀၀)မှ ကျပ်(၁)သိန်းကျော်အတွင်း ဈေးနှုန်းအတက်အကျ နေ့စဉ်ရှိနေပြီး၊ မတ်ပဲ လှောင်ယူမှုလည်း များပြားနေပါတယ်။

**Source:** https://greenwaymyanmar.com/posts/unstable_price_of_black_gram_market

## သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံ (၈၀) ကျော် ပုံမှန်အတိုင်း လည်ပတ်လျက်ရှိ

COVID-19 ရောဂါကြောင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံများ ပိတ်ထားခြင်းမရှိသလို စက်ရုံများအားလုံး ပုံမှန်လည်ပတ်လျက်ရှိပြီး အလုပ်သမား၊ ဝန်ထမ်းများလည်း ပုံမှန်သွားလာလုပ်ကိုင်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ်ထံမှ သိရသည်။ ဒေါက်တာသန်းသန်းသွယ်က "သီလဝါအထူးစီးပွားရေးဇုန်မှာ လက်ရှိစက်ရုံပေါင်း (၈၀) ကျော် လည်ပတ်နေတယ်။ စက်ရုံတွေ ပုံမှန်လည်ပတ်နေသလို စက်ရုံအလုပ်သမား ဝန်ထမ်းတွေလည်း ပုံမှန်အတိုင်း အလုပ်လုပ်နေပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာ ဆောက်လုပ်ရေးလုပ်ငန်းပိုင်းမှာ လုပ်နေတဲ့ အလုပ ်သမားတွေ စာရင်းမပါ အလုပ်သမားဝန်ထမ်းပေါင်း ၁၂၀၀၀ ကျော် အလုပ်လုပ်နေပါတယ်" ဟု ပြောသည်။

သီလဝါအထူးစီးပွားရေး စက်မှုဇုန်တွင် လုပ်ငန်းများ ပုံမှန်လည်ပတ်နေသော်လည်း ကျန်းမာရေးနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။ "ညွှန်ကြားချက်တွေဖြစ်တဲ့ လက်ကို မကြာခဏ စနစ်တကျဆေးရမယ်။ တစ်ယောက် သုံးပေခွာနေရမယ်။ လုပ်ငန်းခွင်မှာ သံသယလူနာ (သံသယဖြစ်စရာ) တွေ့ရင် ချက်ခြင်းအကြောင်းကြားဖို့၊ အားလုံး သတိဝီရိယ ရှိကြဖို့၊ ထုတ်ပြန်ညွှန်ကြားချက်တွေကို လိုက်နာဖို့ ပြောထားပါတယ်။ အားလုံးကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေပါတယ်။ မလိုအပ်ပဲ အပြင်မှာ လူစုလူဝေးတွေနဲ့ မသွားလာဖို့ အဲ့ဒီလိုမျိုးတွေတော့ ဆောင်ရွက်ထားတယ်။ ကျွန်မတို့ကို နိုင်ငံတော်သမ္မတရုံး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့က Instruction သုံးခု ပေးပါတယ်" ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ်က ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံပေါင်း (၂၀) မှ လုပ်ငန်းပေါင်း (၁၁၃) ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး အဆိုပါလုပ်ငန်းများအနက် လုပ်ငန်း (၈၀) ကျော်မှာ စီးပွားဖြစ် လည်ပတ်လျက်ရှိသည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် အမြဲတမ်းလုပ်သားနှင့် ဆောက်လုပ်ရေး လုပ်ကိုင်နေသူများ အပါအဝင် စုစုပေါင်းလုပ်သား (၂၀၀၀၀) ကျော် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

**Source:** https://www.logisticsguide.com.mm/en/industry-news/local-industry/224706-more-than-80-factories-in-the-thilawa-sez-are-operating-regularly.html?fbclid=IwAR1Afkt4aWY1p_F-OxOJmNsPLSAkDNtqK_-AZENOvg1ljc-I6xf3HiGDXnI

## ပြည်ပမှ မှာယူထားသည့် စားအုန်းဆီများ မကြာမီရက်ပိုင်းအတွင်း အဆက်မပြတ် ဝင်ရောက်လာမည်

မြန်မာနိုင်ငံတွင် စားသုံးရန် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ မှာယူထားသည့် စားအုန်းဆီများ မကြာမီရက်ပိုင်းအတွင်း ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လာတော့မည်ဟုကြားသိရသဖြင့် ပြည်တွင်းတွင် စားအုန်းဆီ ပြတ်လပ်မှုမရှိနိုင်ဟုယူဆကြောင်း မန္တလေးတိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က ပြောကြားသည်။

"လက်ရှိအချိန်မှာ မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံတွေက မှာယူထားတဲ့ စားအုန်းဆီတွေ ရန်ကုန်ဆိပ်ကမ်းကို ဝင်ရောက်ဖို့ အများကြီးရှိနေတယ်။ ဒါကြောင့် ပြည်တွင်းမှာ အခြေခံလူတန်းစား အများဆုံးစားသုံးနေတဲ့ စားအုန်းဆီတွေ ပြတ်လပ်သွားနိုင်စရာ မရှိဘူးလို့ယူဆတဲ့အတွက် စိုးရိမ်မှုတွေလွန်ကဲပြီး ဝယ်ယူစုဆောင်းတာတွေ မလုပ်ကြဖို့တိုက်တွန်းလိုပါတယ်။ အခုလိုကာလမှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆီစက်ပိုင်ရှင်အချို့ကလည်း ဒီနေ့မှာ သူတို့ရဲ့ လူမှုကွန်ရက်စာမျက်နှာကနေ ဆီဈေးတွေ တက်ပြီးမရောင်းပါဘူးလို့ ကြေညာနေတာတွေလည်း တွေ့နေရပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအတွင်းသို့ စားအုန်းဆီတင်သွင်းနေသည့် မလေးရှားနိုင်ငံမှ ၎င်းတို့ နိုင်ငံအတွင်းသို့ COVID-19 ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုများရပ်တန့်ခဲ့သည်ဟု ကြားသိရသဖြင့် ၎င်းအခြေအနေတွင် ပြည်တွင်း၌ အသုံးပြုနေသည့် စားအုန်းဆီအတွက် အခက်အခဲမရှိစေရန် အင်ဒိုနီးရှားနိုင်ငံမှလည်း ဝယ်ယူနိုင်ကြောင်း မန္တလေးခရိုင် ဆီစက်လုပ်ငန်းရှင်များ အတွင်းရေးမှူး ဦးသန်းလွင်က ပြောသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကလည်း ယနေ့အချိန်အထိ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့မှ စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလျက်ရှိပြီး စဉ်ဆက်မပြတ် ဆက်လက်ဝင်ရောက် လာစေရေး အတွက်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ ယခုလို အချိန်အခါမျိုးတွင် စားသုံးသူပြည်သူများ စိုးရိမ်ပူပန်မှုဖြစ်ပေါ်စေမည့် သတင်းအမှားများ၊ စားသုံးဆီအပါအဝင် ကုန်ဈေးနှုန်း တည်ငြိမ်မှုကို အဟန့်အတားဖြစ်စေသည့် သတင်းအမှားများ ဖော်ပြခြင်းကို အထူးသတိထား ရှောင်ကြဉ်ကြရန်၊ စားသုံးသူ ပြည်သူများအနေဖြင့်လည်း စိုးရိမ်ပူပန်သည့် စိတ်ဖြင့် စားသုံးဆီများ အလွန်အကျွံဝယ်ယူစုဆောင်းခြင်း မပြုလုပ်ကြရန်၊ စားသုံးဆီ ရောင်းဝယ်ဖောက်ကားသူများအနေဖြင့်လည်း သင့်တင့်မျှတသည့် စားသုံးဆီဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံ အသိပေးကြေညာထားကြောင်း သိရသည်။

**Source: The Mirror**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2822-imported-palm-oil-will-come-in-a-matter-of-days.html

## မူဆယ်နယ်စပ်မှ တရုတ်သို့ ဆန်၊ ဆန်ကွဲနှင့် သကြားတင်ပို့မှု ၇၅ ရာခိုင်နှုန်းထိ အရောင်းအဝယ်ဖြစ်

မူဆယ်နယ်စပ်ဂိတ်မှတဆင့် တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲနှင့် သကြားတင်ပို့မှု ၇၅ ရာခိုင်နှုန်းခန့်အထိ အရောင်းအဝယ် ပြန်လည်ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှ မတ် ၂၅ရက်တွင် သိရသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်- မြန်မာနယ်စပ်ကုန်သွယ်ရေးဖြစ်သော မူဆယ်နယ်စပ် ဂိတ်မှာ ပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းပိုင်းက ကုန်သွယ်ရေး ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့ပြီး ယခုအခါ ဆန်၊ ဆန်ကွဲနှင့် သကြားတင်ပို့မှုမှာ ၇၅ ရာခိုင်နှုန်းခန့်ထိ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ "ဆန်တို့ ဆန်ကွဲတို့ သကြားတို့ကတော့ အရောင်းအဝယ် ၇၅ ရာခိုင်နှုန်း လောက်တော့ ပြန်ဖြစ်ပြီ၊ ဖရဲနဲ့ သခွားမွှေးကတော့ ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီ"ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင်ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။

လက်ရှိ ဆန်နှင့် ဆန်ကွဲထွက်ရှိသည့် ဒေသများမှ တဆင့် ကုန်တင်တွဲကားများ မူဆယ်သို့ တနေ့လျှင် အစီးရေ ၄၀ မှ ၆၀ အတွင်း ဝင်ရောက်လျှက်ရှိပြီး တရုတ်နိုင်ငံထဲသို့ တနေ့လျှင် အစီးရေ အကုန်နီးပါးတင်ပို့နေရကြောင်းသိရသည်။ ထို့ပြင် သကြားမှာလည်း အိတ်ရေ နှစ်သောင်းခန့် ပုံမှန် တင်ပို့နေရပြီး တရုတ်နိုင်ငံဘက်မှလည်း ပြည်တွင်းရှိ အထည်ချုပ်စက်ရုံများအတွက် ကုန်ကြမ်းများ၊ လျှပ်စစ်ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်းများ တင်သွင်း ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ "အထည်ချုပ်စက်ရုံတွေအတွက် ကုန်ကြမ်း ပိတ်စတွေပေါ့၊ အဲ့ဒါတွေက တစ်နေ့ကို တွဲကားအစီးရေ ၄၀၊ ၅၀ လောက် ဝင်တယ်၊ အိမ်ဆောက်ပစ္စည်း အနည်းအကျဉ်းနဲ့ လျှပ်စစ်ပစ္စည်းတွေ ဝင်တယ်။ အခု တရုတ်နိုင်ငံကို မူဆယ်နယ်စပ်ဂိတ်ကနေ Boder Pass နဲ့ နေ့စဉ် ဝင်/ထွက် သွားလာနေသူက ထောင်ချီရှိပါတယ်"ဟု ဦးမင်းသိန်းကပြောသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး အနေဖြင့် ရှမ်းပြည်နယ်တွင် မူဆယ်နှင့် ချင်းရွှေဟော်၊ ကချင်ပြည်နယ်တွင် ကန်ပိုက်တီးနှင့် လွယ်ဂျယ်တို့ဖြစ်ပြီး မူဆယ်ကုန်သွယ်မှု လမ်းကြောင်းသည် ကုန်သွယ်မှု အများဆုံး ဖြစ်သည်။

**Source:** https://www.facebook.com/fifthwavenews/posts/634131200650941?__tn__=K-R

## ကုန်စည်စီးဆင်းမှု မပျက်တောက်စေရန် မန္တလေးကုန်စည်ဒိုင်ကို ဆက်လက်ဖွင့်ထား

ကုန်စည်စီးဆင်းမှု မပျက်တောက်စေရန် မန္တလေးမြို့တော်ဝန်၏ လမ်းညွှန်ချက်ဖြင့် မန္တလေးမြို့ရှိ ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ကို ဆက်လက်ဖွင့်ထားကြောင်းသိရသည်။ COVID – 19 ရောဂါကြောင့် တွင် မတ်လ ၂၅ ရက်က စတင်၍ ရောင်းဝယ်မှုများရပ်နားသွားရန်စီစဉ်သော်လည်း မန္တလေးမြို့တော်ဝန် အနေဖြင့် ကုန်စည်စီးဆင်းမှုများ ရှိစေရန်အတွက် ပြန်လည်ဖွင့်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူက ပြောဲအများကတော့ ပိတ်စေချင်တယ်။ ဒါပေမယ့် မြို့တော်ဝန်ရဲ့ လမ်းညွှန်မှုနဲ့ ဒီကနေ့ ဆက်ဖွင့်ပေးတယ်။ ဒါပေမယ့် အချိန်တော့ လျှော့လိုက်တယ်။ အသင်းမှာ ကြိုတင်ပြင်ဆင်တာကတော့ အရင်ကတည်းက လုပ်ထားတာရှိတယ်။ အပူချိန်တိုင်းတာ လက်ဆေးတာကတော့ လုပ်ထားတယ်´´ ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)

ဒုဥက္ကဋ္ဌ ဦးမျိုးဆွေ က ပြောသည်။

ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) သည် တစ်ရက်လျှင် လူဦးရေ ထောင်ချီ ဝင်ထွက်မှုရှိပြီး အခုအခါ ကုန်သည်တချို့က မဖြစ်မနေ ဝယ်ရောင်းလုပ်ရမည့် အခြေအနေမှသာ အသင်းသို့ လာတော့ကြောင်း သိရသည်။ ``လူအဝင်အထွက်ကတော့ လျော့တာပေါ့။ ခါတိုင်းလို အချိန်ပြည့်မလာတော့ဘူး။ လိုအပ်မှပဲ လာကြတော့တယ်။ အရောင်းအဝယ်ကတော့ ပုံမှန်အောက်နည်းနည်းတော့လျော့တာပေါ့´´ ဟု ဦးမျိုးဆွေ က ဆက်လက်ပြောသည်။

**Source:** https://www.facebook.com/fifthwavenews/

## COVID-19 ရောဂါဖြစ်ပွားနေစဉ် ကုန်ထုတ်လုပ်မှုကွင်းဆက်ပြတ်တောက်မှုမဖြစ်ပေါ်စေရေးအတွက် မြန်မာ၊ သြစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ နယူးဇီလန်နှင့် စင်ကာပူနိုင်ငံတို့က ပူးပေါင်းဆောင်ရွက်သွားမည်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သြစတြေးလျနိုင်ငံ ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးနှင့် ဘဏ္ဍာရေးနှင့်စီးပွားရေးဝန်ကြီးဌာန၊ ကနေဒါနိုင်ငံ အသေးစားစီးပွားရေးလုပ်ငန်း၊ ပို့ကုန်မြှင့်တင်ရေးနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဝန်ကြီးဌာန၊ ချီလီနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ နယူးဇီလန် နိုင်ငံ ကုန်သွယ်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးဝန်ကြီးဌာနနှင့် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီးဌာနတို့၏ ဝန်ကြီးများက လက်ရှိ COVID-19 ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ထုတ်လုပ်မှု ကွင်းဆက် (Supply Chain) ချိတ်ဆက်မှုအခြေအနေ ဆက်လက်တည်မြဲစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် ဝန်ကြီးများအဆင့် ပူးတွဲကြေညာချက်ကို ၂၅ - ၃ - ၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ပူးတွဲကြေညာချက်တွင် ရောဂါဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆိုးရွားသောဖြစ်ရပ်တစ်ခု ဖြစ်ကြောင်း၊ COVID-19 ကို တိုက်ဖျက်နိုင်ရန် စုပေါင်းတွန်းလှန်မှု တစ်ခုအနေဖြင့် ကုန်ထုတ်လုပ်မှုကွင်းဆက်များ ချိတ်ဆက်မှု အခြေအနေ ဆက်လက်တည်မြဲမှုရှိစေရေး ကတိကဝတ်ပြုပါကြောင်း၊ ဤကာလအတွင်း မရှိမဖြစ်သုံးစွဲရန်လိုအပ်သော ကုန်ပစ္စည်းများ တင်သွင်းတင်ပို့ခြင်းအပေါ် သက်ရောက်မှုရှိပြီး ကုန်သွယ်ရေးပြတ်တောက်မှု ဖြစ်ပေါ်စေနိုင်သည့် ကိစ္စရပ်များကို အနီးကပ်ပူးပေါင်း၍ သတ်မှတ်ဖော်ထုတ်သွားကြမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးအတွက် လေကြောင်းနှင့် ပင်လယ်ရေကြောင်းအပါအဝင် ကုန်သွယ်မှုလမ်းကြောင်းများကို ဆက်လက်ဖွင့်လှစ်ထားပြီး နှစ်ဘက် အကျိုးဖြစ်ထွန်းစေရေးအတွက် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ဤကာလအတွင်း အရေးပေါ်သုံးစွဲရန်လိုအပ်သော ကုန်ပစ္စည်းများ အထူးသဖြင့် ဆေးဘက်ဆိုင်ရာပစ္စည်းများကုန်သွယ်မှုကို အဟန့်အတား ဖြစ်ပေါ်စေသော အစီအမံများအား ဖယ်ရှားနိုင်ရန်၊ အကောက်ခွန်၊ အကောက်ခွန်မဟုတ်သောအတားအဆီးများနှင့် ပို့ကုန်ထိန်းချုပ်မှုအစီအမံများကို ရှောင်ရှားကြရန် အရေးကြီးသည်ကိုလက်ခံပါကြောင်း၊ ကုန်သွယ်ရေးအခြေအနေ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေး မိမိတို့သည် သဘောထားတူညီသော အခြားနိုင်ငံများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး၊ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကုန်ထုတ်လုပ်မှုကွင်းဆက် ဆက်လက်တည်မြဲမှုရှိစေရေး အထောက်အကူပြုပေးနိုင်စေရန်အတွက် မိမိတို့၏ လေဆိပ်နှင့်ဆိပ်ကမ်းကဲ့သို့သော အဓိကကျသည့် အခြေခံအဆောက်အအုံ များကို ဆက်လက်ဖွင့်လှစ် ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source: Media Release, Ministry of Trade & Industry, Singapore**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး-စင်ကာပူမြို့**

## ပြည်ပကုန်သွယ်မှုစာချုပ်များမှ နုတ်ထွက်နိုင်ရေး အိန္ဒိယကုမ္ပဏီအချို့ နည်းလမ်းရှာဖွေခြင်း

ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားမှုကြောင့် အိန္ဒိယနိုင်ငံရှိ ကုန်ထုတ် လုပ်ငန်းနယ်ပယ်အချို့တွင် သွင်းအားစုကွင်းဆက် ပုံပျက်ယွင်းလျက် ကုန်ကြမ်းပြတ်လပ်မှုများ ဖြစ်ပေါ်ခြင်း၊ စားသုံးမှုအားထိခိုက်ခြင်း၊ ကြိုတင်သဘောတူညီထားသည့် သတ်မှတ်ကာလအမီ ကုန်စည်များ ရောက်ရှိပေးပို့နိုင်မှု မရှိခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်လျက် ရှိပါသည်။

အိန္ဒိယနိုင်ငံရှိ ဥပဒေရေးရာနှင့် အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်မှ ပြောဆိုမှုများအရ ကိုရိုနာဗိုင်းရပ်စ်ဂယက်ရိုက်ခတ်မှုကြောင့် စီးပွားရေးလုပ်ဆောင်မှုများ ပျက်ယွင်းလာချိန်၌ လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ကာလအတွင်း ကုန်ထုတ်လုပ်မှုနှင့် တည်ဆောက်ရေးလုပ်ငန်းနယ် ပယ်မှ အချို့သောအိန္ဒိယကုမ္ပဏီများသည် ပြည်ပကုန်သည်များနှင့် ချုပ်ဆိုထားရှိသည့် အရောင်း အဝယ်စာချုပ်များ၌ ဖော်ပြပါရှိသော မလွန်ဆန်နိုင်သည့်အကြောင်းတရားများ (force majeure clause) ဟူသည့်အချက်အား အကိုးအကားပြုလျက် ၎င်းတို့၏ သက်တမ်းကြာရှည်ပြီဖြစ်သော စာချုပ်များအပေါ် ပြန်လည်သုံးသပ်၍ လျော်ကြေးပေးဆောင်ရခြင်းမရှိပဲ ၎င်းစာချုပ်များအား ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် ၎င်းတို့အနေဖြင့် သင့်တင့်မျှတမှုမရှိဟု ယူဆသည့် စာချုပ် များမှ နှုတ်ထွက်နိုင်ရေးဖျက်သိမ်းခြင်းတို့ကို လုပ်ဆောင်နိုင်မည့် နည်းလမ်းများအား ရှာဖွေလာ ကြကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းများစွာသည် တရုတ်နိုင်ငံမှတင်သွင်းရယူသည့် ကုန်ကြမ်းပစ္စည်းများအပေါ် အမှီပြုနေရပြီး အထူးသဖြင့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ၊ သမားရိုးကျနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ စက်ကိရိယာထုတ်လုပ်မှုလုပ်ငန်းများ၊ အီလက်ထရွန်းနစ်နှင့် ဓါတုပစ္စည်းကုမ္ပဏီလုပ်ငန်းများသည် လုပ်ငန်းလည်ပတ် ဆောင်ရွက်ရန်အတွက် ခန့်မှန်းမရနိုင်သည့် နှောင့်နှေးကြန့်ကြာမှုများနှင့် သွင်းအားစုကွင်းဆက် ပျက်ယွင်းမှုများကို ကြုံတွေ့ ရလျက်ရှိပါသည်။

အဆိုပါ အိန္ဒိယကုမ္ပဏီများအတွက် အတိုင်ပင်ခံဝန်ဆောင်မှုပေးလျက်ရှိသော ဥပဒေ အကျိုးဆောင်လုပ်ငန်းအချို့က ၎င်းတို့အနေဖြင့် တရုတ်နိုင်ငံရှိ သွင်းအားစုပံ့ပိုးသည့် ကုမ္ပဏီများ ထံသို့ အသိပေးနှိုးဆော်စာများကို အမှုသည်များကိုယ်စား အကြိမ်ကြိမ်ပေးပို့ခဲ့သော်လည်း မည်သည့် အကြောင်းပြန်ကြားချက်မျှ လက်ခံရရှိခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ပြည်ပကုမ္ပဏီများနှင့် ချုပ်ဆိုထားသည့်စာချုပ်များအား ပြင်ဆင်ရန် သို့မဟုတ် ဖျက်သိမ်းရန် သုံးသပ်လာကြကြောင်း၊ ယခုအခြေအနေတွင် ကုမ္ပဏီအချို့သည် စာချုပ်ပါ မလွန်ဆန်နိုင်သည့်အကြောင်းများဟူသည့် ဖော်ပြချက်ကို လွဲမှားစွာအသုံးပြုလျက် စာချုပ်မှနှုတ်ထွက်ခြင်း၊ မရိုးဖြောင့်သောသဘောဖြင့် စာချုပ်များပြင်ဆင်ခြင်းတို့ကိုလည်း လုပ်ဆောင်လာနိုင်ဖွယ်ရာရှိကြောင်း၊ မလွဲရှောင်သာသည့် အငြင်းပွားမှုကိစ္စရပ်များပေါ်ပေါက်လာပါက စာချုပ်ပါ စည်းကမ်း ချက်များ၊ အသိပေးနှိုးဆော်မှုများ၊ စာချုပ်အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ကြိုတင်ကာကွယ်ရန် မဖြစ်နိုင်ကြောင်းကို ကိုးကားဖော်ပြရမည့်အချက်များ၊ လိုအပ်သောလုပ်ငန်းစဥ်များအား လုပ်ဆောင်ထားရှိပြီးဖြစ်ကြောင်း သက်သေပြချက်များ စသည့် များစွာသော အကြောင်းအချက်များအပေါ် စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောဆိုကြပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုအပေါ် မလွန်ဆန်နိုင်သည့်အကြောင်းအရ စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း သက်သေခံလက်မှတ် (force majeure certificates) ၄၈၁၁ စောင်ကို ပြည်တွင်းရှိကုမ္ပဏီများသို့ ထုတ်ပေးခဲ့သည်ဟု တရုတ်နိုင်ငံရှိ ပြည်ပကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (Council for the Promotion of International Trade) က ၃.၃.၂၀၂၀ နေ့တွင် ပြောဆိုခဲ့ကြောင်း အိန္ဒိယ Economic Times သတင်းဌာနမှ ရေးသားဖော် ပြပါသည်။ အဆိုပါစာချုပ်များ၏ စုစုပေါင်းလုပ်ငန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၃.၇၉ ဘီလီယံခန့်ရှိပြီး ယင်းသို့သော သက်သေခံလက်မှတ်ထုတ်ပေးမှုမှာ ပိုမိုများပြားလာဖွယ်ရှိကြောင်းသိရှိရသည်။

**Source: Covid–19: Companies look for ways to exit pacts, 18 March 2020, Economic Times**

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## အိန္ဒိယ၌ နနွင်းတက် စျေးကွက်ဝယ်လိုအားမြင့်တက်လျက်ရှိခြင်း

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်နေချိန်တွင် ဆေးဖက်ဝင်ကုန်ပစ္စည်းအဖြစ် အလေးထားရောင်းဝယ်လာမှုက ဥရောပနှင့်အနောက်အာဖရိကစျေးကွက်၌ အိန္ဒိယ၏ ပြည်ပပို့ကုန်နနွင်းတက်များအပေါ် ဝယ်လိုအားမြင့်တက်မှု ဖြစ်ပေါ်လျက်ရှိကြောင်း အိန္ဒိယကုန်သည် အသိုင်းအဝိုင်းမှ ပြောဆိုလျက်ရှိကြပါသည်။

အိန္ဒိယနိုင်ငံ၌ နနွင်းတက်များအား နှစ်စဉ် နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်း ရိတ်သိမ်း၍ ပြည်ပတင်ပို့လေ့ရှိရာ ယခုနှစ်အစောပိုင်းကာလများတွင် ပြည်ပမှဝယ်လိုအားမှာ ကျဆင်းရှိနေခဲ့ သော်လည်း ဖေဖော်ဝါရီလကုန်ပိုင်းခန့်မှစ၍ နနွင်းတက်ပြည်ပဝယ်လိုအား ရုတ်တရက် မြင့် တက်လာကြောင်း၊ အထူးသဖြင့် ဗြိတိန်နှင့် ဂျာမဏီနိုင်ငံတို့မှ ဝယ်ယူမှုပိုမိုများပြားပြီး ၁၀

ရက် ခန့်ကာလအတွင်း ၃၀၀% အထိ မြင့်တက်လာကြောင်း၊ သို့ရာတွင် အိန္ဒိယနှင့်အဆိုပါနိုင်ငံများအကြား လေကြောင်းခရီးဖြင့် ကုန်စည်သယ်ယူပို့ဆောင်နိုင်မှုမှာ ၉၀% ခန့်လျော့ကျခဲ့ရာ ယခုကဲ့သို့ အခွင့်အလမ်းပေါ်ပေါက်လာမှုကို အပြည့်အဝ ရယူနိုင်ခြင်းမရှိကြောင်းသိရှိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုသည် ကြက်သားစားသုံးမှုနှင့် ဆက်စပ်လျက်ရှိသည်ဟူသော ကောလာဟလများ အိန္ဒိယပြည်သူလူထုအကြား ဖြစ်ပေါ်လျက်ရှိခြင်းက ပြည်တွင်းဈေးကွက်၌ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ဝယ်လိုအား ကိုလည်း ၅% မှ ၁၀% အထိ မြင့်တက်မှုဖြစ်ပေါ်စေခဲ့ကြောင်း၊ သို့သော် ပြည်တွင်း၌ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ ပိုလျှံစွာ ထုတ်လုပ်နိုင်သဖြင့် ဈေးနှုန်းများမြင့်တက်ခြင်းမရှိစေရန် ထိန်းသိမ်းထားနိုင်ကြောင်းသိရှိရသည်။

**Source: Coronavirus scare shoots up demand for India's raw turmeric, 17 March 2020, Economic Times**

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## STOCK EXCHANGE (26.3.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th Mar. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 2,385 | 23,850,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,450 | -100 | -2.82% | 3,500 | 3,500 | 3,400 | 16,098 | 55,891,100 | 38,929,150 | 134,306 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 21,000 | -500 | -2.33% | 21,500 | 21,500 | 21,000 | 137 | 2,878,500 | 2,472,053 | 51,913 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,750 | 2,750 | 2,700 | 2,460 | 6,656,300 | 12,823,224 | 34,623 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 421.57 | -4.21 | -0.99% | 424.36 | 424.36 | 420.14 | 21,080 | 89,275,900 | 5 | 577,257 |

**Index chart**



# Market Overview

As of 10:00 am, 26th Mar. 2020

| MYANPIX | 424.36 ▼1.42 |
|---|---|
| Total Volume (shares) | 5,697 |
| Total Value (MMK) | 21 mil |
| Listed Company | 5 |
| Market Cap. (MMK) | 581,081 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲0 |
| MTSH | 00002 | 3,500 | ▼50 |
| MCB | 00003 | 8,200 | ▲0 |
| FPB | 00004 | 21,500 | ▲0 |
| TMH | 00005 | 2,750 | ▲0 |

TIR